# ဖောင်းပွနေတဲ့ 'မြန်မာဝေါဟာရ' များ

## (၁၀ - ၈ - ၂၀၁၀)

(၁) နေဝင်းစစ်အုပ်စု ကြီးစိုးတဲ့ခေတ်က 'ဆိုရှယ်လစ်' နဲ့ 'ပြည်သူ' ဖောင်းပွတယ်။ ကုလားဗမာအဓိကရုဏ်းပြီးစ (၁၉၃၈) တဝိုက်ကတော့ 'သံဃသြဝါဒ' ဆိုတာ ဖောင်းပွဖူးတယ်။ 'သံဃာ့သြဝါဒခံ ဘုံဆိုင်' ဆိုတာ ပေါ်တယ်။ (ဘုံဆိုင်ဆိုတာ ထန်းရည်အရက် ရောင်းတဲ့ဆိုင်)

(၂) နအဖ ခေတ်မှာ ဖောင်းပွတာက 'အာဏာပိုင်' နဲ့ 'နိုင်ငံတော်' လို့ ယူဆတယ်။ 'အာဏာပိုင်' ဆိုတာက ရပ်သုံးရွာသုံးပဲ။ ဆယ်အိမ်မှူးလည်း အာဏာပိုင်။ ရဲကလည်း အာဏာပိုင်။ အာဏာပိုင် မရှိတဲ့အရပ်က မရှိဘူး။ သင်္ချိုင်းမှာတောင် အာဏာပိုင်ရှိတယ်။

'နိုင်ငံတော်'။ ဒါကတော့ မင်းသုံးစိုးသုံးပဲ။ '၂၀၀၈ အခြေခံဥပဒေ' မှာ 'နိုင်ငံတော်' ဆိုတဲ့ဝေါဟာရ ဘယ်လောက်ပါသလဲ။ (အားလည်းအား အချိန်လည်းဖြုန်းချင်ရင်) ရေတွက်ကြည့်ပါ။ တမျက်နှာထဲ ရေတွက်ကြည့်တာမှာတော့ အခန်း (၁) ဆိုတဲ့ စာမျက်နှာမှာ 'နိုင်ငံတော်' (၁၁) လုံး ပါတယ်။

(၃) 'နိုင်ငံတော်' ဆိုတာက အခုခေတ်မှာ စစ်အုပ်စု၊ စစ်အစိုးရကို ပြောတာပါ။ စစ်အာဏာရှင်စနစ်ရှိနေသမျှ 'နိုင်ငံတော်' ဆိုတဲ့ ဝေါဟာရ ဆက်လက်ဖောင်းပွနေမှာ ဖြစ်ပါတယ်။

www.cpburma.org